## ယဉ်ကျေးလိမ္မာ မြန်မာစာ သင်တန်းဖိတ်ကြားလွှာ

ဖလော်ရီဒါပြည်နယ်၊ ဓမ္မာလောကကျောင်းတိုက်တွင် စနေနေ့နေ့တိုင်း နံက်(၁၁)နာရီအချိန်မှစတင်၍ ညနေ(၃)နာရီအထိ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာမြန်မာစာသင်တန်းကိုသင်ကြားပို့ချပေးလျှက်ရှိပါသည်။ မိမိတို့၏ ရင်သွေးငယ်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် မြန်မာစာများ သင်ကြားတတ်မြောက်စေလိုသော ဆန္ဒရှိပါက စနေနေ့တိုင်း လာရောက်သင်ကြားနိုင်ကြပါသည်။၂၀၀၉-ခုနှစ်မှ ၂၀၁၀-ခုနှစ် ဇွန်လအထိ ဆရာမ မစံပယ်က သင်ကြားပေးခဲ့ပါသည်။ ဇွန်လ ဇူလိုင်လတို့တွင် ဆရာမ မသင်းသင်း ကသင်ကြားပေးခဲ့ပါသည်။ ၂၀၁၀-ခု ဇူလိုင်လမှစတင်၍ နေ့လည်(၁၁)နာရီမှ (၂)နာရီအချိန်အထိ ဆရာမ ဒေါ်တင်တင်ဝင်းက မြန်မာစာကိုသင်ကြားပေးပါမည်။ နေ့လည်(၂)နာရီမှ (၃)နာရီအထိ ဓမ္မာလောကဆရာတော်က ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများကို သင်ကြားပေးပါမည်။
**မှတ်ချက်**- ယဉ်ကျေးမှုသင်တန်းသူ/သားများကို အလှူရှင်များက (အာဟာရဒါန)အစားအစာများဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းလျှက်ရှိပါသည်။ ကျွေးမွေးလှူဒါန်းလိုသူများရှိပါကလည်း ကျွေးမွေးလှူဒါန်းနိုင်ကြပါသည်။

## ဒုနပေါင်းညီညာ ပဋ္ဌာန်း/ဓမ္မစကြာနှင့် ပဋ္ဌာန်းတရားနာဖိတ်ကြားလွှာ

ဖလော်ရီဒါပြည်နယ်၊မီရမာမြို့၊ ဓမ္မာလောကကျောင်းတိုက်တွင် စနေနေ့ညတိုင်း ည(၈)နာရီမှ စတင်ကာ သံဃာတော်အရှင်သူမြတ်များနှင့် ဓမ္မာလောကအသင်းသူအသင်းသားများစုပေါင်း၍ ပဋ္ဌာန်းတရား၊ဓမ္မစကြာတရား ရွတ်ဖတ်ပူဇော်ပွဲကို ကြည်နူးဝမ်းမြောက်စွာ ကျင်းပလျှက်ရှိပါသည်။ ည(၉)နာရီမှစတင်၍ ပဋ္ဌာန်းနှင့် ဝိပဿနာတရားတော်ကိုလည်း ဓမ္မာလောကဆရာတော်အရှင်သူမြတ်က ဟောကြားလျှက်ရှိပါသည်။ ပဋ္ဌာန်းတရား၊ဓမ္မစကြာတရားရွတ်ပွားလိုသော၊ ပဋ္ဌာန်းတရားနာကြားလိုသော တရားချစ်ခင်သူတော်စဉ်များ ဓမ္မာလောကကျောင်းတိုက်သို့ ည (၈) နာရီအရောက်ကြွရောက်ပူဇော်နိုင်ကြပါသည်။ မိမိတို့အိမ်မှာပင် အာရုံယူပူဇော်လိုသူများအတွက် အင်တာနက်မှလည်း တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ပါသည်။

## အဓိပ္ပါယ်အနက်များ

၁။ဗုဒ္ဓပူဇာ၊ဓမ္မပူဇာ၊သံဃပူဇာမင်္ဂလာ = ဘုရား တရား သံဃာရတနာမြတ်သုံးပါးကိုရှိခိုးခြင်းမင်္ဂလာ။
၂။ဒေဝနိမန္တနမင်္ဂလာ = အနန္တစကြာဝဠာရှိ နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်းမင်္ဂလာ။
၃။အနန္တမေတ္တာမင်္ဂလာ = မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ခြင်းမင်္ဂလာ။
၄။အနန္တဂုဏပူဇာမင်္ဂလာ = ဘုရားဂုဏ်တော်၊တရားဂုဏ်တော်၊သံဃာ့ဂုဏ်တော်ပူဇော်ခြင်းမင်္ဂလာ။
၅။မရဏာနုဿတိဘာဝနာမင်္ဂလာ = အိုခြင်း၊နာခြင်း၊သေခြင်းတရားဆင်ခြင်ပွားများခြင်းမင်္ဂလာ။
၆။ပဋ္ဌာန်းပစ္စယနိဒ္ဒေသ (သို့) ဓမ္မစက္ကပဝတ္တနသုတ် ရွတ်ဖတ်ပူဇော်ခြင်းမင်္ဂလာ။
၇။ဒိသာဖရဏမေတ္တာမင်္ဂလာ = အရပ်ဆယ်မျက်နှာ မေတ္တာပို့ခြင်းမင်္ဂလာ။
၈။အမတပတ္တနာ၊ပတ္တိဒါန၊ပတ္တာနုမောဒနမင်္ဂလာ = နိဗ္ဗာန်ဆုတောင်း၊အမျှဝေ၊သာဓုခေါ်ခြင်းမင်္ဂလာ။
၉။ဓမ္မဿဝနမင်္ဂလာ = တရားဒေသနာ နာယူခြင်းမင်္ဂလာ။